# ရွှေရွက်
## သင်းပျံ့ကြောင်းကြင်

ဇာတ်သိမ်း

အဋ္ဌမမြောက်
ဝတ္ထုသစ်

လှိုင် ဇာဝေ

ပန်း ချီ မောင် မျိုး မင်း



အလင်းဖျော့ကောင်းကင်
ဇတ်သိမ်းပိုင်း

‘ကိုယ်ကဘယ်ကိစ္စကိုမှ အပျော်သဘော မလုပ်ဘူး၊ နေသူရိန် ဟာ အပျော်တမ်းသမား မဟုတ်ဘူး၊ ကိစ္စတိုင်းကို တလေးတနက်တွေးတယ်၊ တလေတနက် စဉ်စားတယ်၊ ကိုတလေး တနက်စဉ်းစားတယ်၊ ပြီးတော့ ဖြစ်မြေက်အောင် အကောင်အထည်ဖော်တယ်၊ အဲဒါ နေသူရိန် ရဲ့မူပဲ

**နေသူရိန်**

♥ ♥ ♥

ဦးကြိုက်ဘာကိုမို့လဲ လိုက်ကြိုက်နိုင်အောင် ကြိုးစာမယ်၊ ဦးဆန္ဒအားလုံးနဲ့ မို့ ဆန္ဒအားလုံး ကို ဆစ်ထပ်တည်းဖြစ်နေစေချင်တယ်၊အဲဒါ... ဘာကြောင့်လဲ..ဦး .....သိလား

**မြမိုမို**

♥ ♥ ♥

`ရှင့်ရင်ထဲမှာ အချစ်လို့လား ဦးနေသူရိန်၊ ရှိခဲ့ဖူးလို့လား၊ ကျွန်မ သိသလောက်တော့ ရှင့်ရင်ထဲမှာ အချစ်ထက်အငြိုးကြီးမှုတွေ၊ လက်စားချေလိုမှုတွေ၊ အကာတရားတွေပဲ ရှိတယ်၊ အချစ်မရှိဘူး

**နန်းနွယ်နီ**

♥ ♥ ♥

ပြဿနာမှာ နားမလည်နိုင်မှုမင်ဖြစ်သည်။

အသက်သုံးဆယ်ခုနှစ် နှစ်အရွယ် ယောကျ်ားတစ်ယောက် အားသူမ စိတ်ဝင်စားသွားဖို့ အတွက်ဆိုလျှင် ထိုယောကျ်ားသည် ပထမဦးစွာ နားလည်ရန်ခက်ခဲနေဖို့ လိုအပ်ပါသည်။ ထို့အပြင် မျက်နှာပေါ်မှ အရည်အချင်းများကြောင့်မဟုတ်ဘဲ သူမအား ဆွဲဆောင်နိုင်ပါလိမ့်မည်။

ဦးနေသူရိန်သည် ထိုအချက်နှစ်ချက်နှင့် များကြောက်မက်ဖွယ်ပြည့်စုံနေသူဖြစ်သည်။

သူမ သူ့ကိုဘယ်လိုမှနားမလည်အောင် ကြိုးစားကြည့်၍ မရသလို၊ သူ၏ ဆွဲဆောင်မှုများကို လည်း ဘယ်လိုမှ ခုခံဖွယ်ရား၍ မရနိုင်ခဲ။ အိုင်ဝါဝေါခ်မင်းတစ်လုံးနှင့် ဗွီဒီယိုခွေတချို့ သူမထံသို့ ရောက်ရှိလာပြီး နောက်ပိုင်း သာမန်ရုပ်ရည်မျိုးသာရှိ၍ သာမန်ယောကျ်ားတစ်ယောက် မဟုတ် သော ဦးနေသူရိန်ထံ၌ သူမဒုတိယအကြိမ်မြောက် ထပ်မံရှုံးနိမ့်ရန် သေချာသလောက် ဖြစ်သွား လေတော့သည်။

ပထမအကြိမ်ရှုံးစဉ်ကသူ့ အာရန်မတွေ့နိုင်ဘဲ နှုတ်ဆွံ့နေခဲခြင်းသာဖြစ်သော်လည်း ဒုတိယ အကြိမ် အရှုံးသည် မည်မျှအထိ ကြီးမားမည်ဟု သူမစဉ်းစားမရပါ။

ထို့အတူဦးအောင်မောင်း လာပေးသွားသည့်အခွေ ငါးခွေအနက်တစ်ခွေသည်(ဇာတ်လမ်း အမည်နှင့်ကာသာမပါသလို၊ ဇာတ်လမ်းဟူ၍ လည်းမည်မည်ရရမပါဘဲ) ကောင်မလေးတစ်ယောက် တည်း၏ လှုပ်ရှားမှုများကို လျှောက်ရိုက်ထားသည့်အခွေ ဖြစ်နေခြင်းအကြောင်းရင်းကိုလည်း သူမ စဉ်းစား၍ မရ။

အံ့သြစရာပါပဲ...။

(အီး… ၁၈၀) တစ်ခွေလုံး သူမ၏ လှုပ်ရှားမှုများနှင့် ပြည့်ကျပ်နေပါသည်။ မည်သည့် ဝန်စည် စလယ်မှမပါဘဲ စလင်းဘက်တစ်လုံးတည်းကိုသာ ပေါ့ပါးသွက်လက်စွာလွယ်လျက် သူမရုံးတက်လာပုံ…..။

နေ့လယ်နေ့ခင်း မူမူတို့နှင့် လက်ဖက်ရည်ထွက်သောက်ပုံ။

ညနေရုံးဆင်း၍ အိမ်ပြန်ပုံ….။

အားလုံးသည် အချိန်ကာလအမျိုးမျိုးနှင့် ရှုထောင့်အဖုံဖုံမှ ရိုက်ထားခြင်းဖြစ်သည်။ တစ်ပုံ ဆိုလျှင် ဖြည်းဖြည်းလေးမောင်းသွားသည့် ကားတစ်စီးပေါ်မှပင် ခဲရာခဲဆစ်ရိုက်ထားပါသည်။

ရိုက်ပုံရိုက်နည်းနှင့် အပင်ပန်းခံမှုများအရ ဤအခွေသည် ပြိုင်ပွဲတစ်ခုခုဝင်ဖို့ ကြိုးစားထား ခြင်းမဟုတ်ပါ။ ဤအခွေဖြစ်ပေါ်လာရခြင်းနှင့် ခိုင်လုံသောအကြောင်း တစ်စုံတစ်ရာ အသေအချာ ကိုရှိနေပါလိမ့်မည်။

ဘာများပါလိမ့်….။

ရုံးနှင့်အိမ်အကြား သူမရဲ့နေစဉ်လှုပ်ရှားမှုများကို ခုလိုလျှောက်ရိုက်ထားရတဲ့ ရည်ရွယ်ချက် ဘယ်လိုရည်ရွယ်ချက်မျိုးပါလိမ့်။

ထိုအဖြေကို သူမစဉ်းစားမရ။ အထူးသဖြင့် အဖြေရလာအောင် သူမစဉ်းစားရဲ့။

တကယ်တော့ ထိုသို့မစဉ်းစားရဲအောင် ဖြစ်နေခြင်းကပင်လျှင် သူမ၏ ရှုံးနိမ့်မှုဖြစ်သလို၊ ဦးနေသူရိန်၏ နည်းဗျူဟာများအောက်သို့ ရောက်သွားရခြင်း၏ အစလည်းဖြစ်လေသည်။

တနင်္လာ၊အင်္ဂါနှစ်ရက်လုံး သူမနေကောင်းသွားသောလည်း ရုံးမသွားပါ။ နဂိုကတည်းက အလုပ်လုပ်တာသဘောမကျသော နီနီကတော့ သူမရုံးမသွားလေ

ကြိုက်လေပါပဲ။

"ဒီတစ်ပတ်လုံး ရက်စ်ယူလိုက်မို၊ ဒါမှညဉ်း အားပြန်ပြည့်လာမှာ"

ဟုပြင်မြှောက်ပင့်ပေးနေပါသေးသည်။

နီနီအပြောက သူမ နေမကောင်းဖြစ်ခဲ့သည်မှာ နှစ်ရက်သုံးရက်မဟုတ်ဘဲ နှစ်လသုံးလ လောက် ကြာခဲ့တဲ့တိုင်းပါပဲ။

သူမ နီနီစကားကို ကြားယောင်ကာ တစ်ပတ်လုံးလုံး ရုံးမတက်ဘဲနေလိုက်လျှင်ကောင်းမ လား ဟုစဉ်းစားလိုက်မိသည်။

ယခုလိုရောင်ပြေးနေခြင်းက ပို၍ ရှုံးပါလိမ့်မည်။ နောက်ပြီးခုကိစ္စမှာ ရှောင်ပြေနေရုံနှင့် ပြီး သွားမည် ကိစ္စမျိုးလည်းမဟုတ်။ ဗုဒ္ဓဟူးနေ့မှာတော့ သူမရုံးတက်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော် သူမ၏ အားတင်းဆုံးဖြတ်မှုက သိပ်တော့မခိုင်မာလှ။

မှန်ရှေ့တွင်ထိုင်ကာ ဖြီးလိမ်းပြင်ဆင်ချိန်၌ သူ့အကြောင်းတွေပြီး သူ၏ အေးစက်စက် မျက် လုံးများကို မြင်ယောင်လိုက်မိသည်နှင့် သူမ၏ အားတင်းထားမှုတို့က ဖရိုဖရဲဖြစ်စွာ ပျက်စီးသွားလေ တော့သည်။

ဘုရား....ဘုရား။ အဲသည်မျက်လုံးတွေဟာ အတွေးထဲမှာတောင် သူမကိုရှုံးနိမ့်စေနိုင်တာ ပါလား။

အင်း.... သည်ပုံအတိုင်းဆိုရင်တော့ သူမရဲ့အခြေအနေက သိပ်မကောင်းလှပါ။ ကိုယ်တိုင် ကို အခြေအနေမဟန်မှန်းသော နီနီ ကသူမကိုလှမ်းအော်သည်။

"ဟဲ့......မို"

"ဘာလဲ နီ"

"ဖုန်းလာနေတယ်လေ၊ မကြားဘူးလား"

ဟုတ်ပါရဲ့ ညည့်ခန်းထဲမှဖုန်းက တဂွမ်ဂွမ်နှင့် ဆူညံနေပါသည်။

"မို .......... ပြေးကိုင်လိုက်စမ်း၊ ဒီမှာ နီနီမအားလို့"

"ဟုတ်"

သူမဖုန်းဆီသို့ အပြေးအလွှားသွားရသည်။ ဖုန်းခွက်ကိုကောက်ယူပြီး မောဟိုက်နေသဖြင့် ချက်ချင်းမထူးနိုင်သေး။ သို့သော် တစ်ဖက်မှသူမ၏ ဖုန်းဖြေမှု လေးဖင့်နေခြင်းကိုကြာရှည် စာင့်ဆိုင်း နိုင်ဟန် မတူပါ။ ခပ်အောအောအသံက နာထောင်ခွက်အတွင်းမှထွက်ပေါ်၍ လာသည်။

"မြမိုမိုလား"

ဤအသံကြောင့်မှ သူမအမောမဆို့ လျှင်တော့ သူမအတွက်အမောဆို့ စရာအသံမရှိနိုင် တော့ပါ။

"ဦး......... ဦးနေသူရိန်"

"အံ့ဩသွားလားမြမိုမို၊ ကိုယ်က ပိုပြီးအံ့ဩနေတာ၊ မင်းနေကောင်းသွားပြီးမဟုတ်လား၊ ဘာဖြစ်လို့ရုံးမလာတာလဲ မြမိုမို"

ဘုရားရေ......... သူမနေကောင်းသွာတာကိုလည်း သူသိနေတာပါပဲလား။

ဖြေစမ်းမို၊ နင် တစ်ခုခုဖြေလိုက်စမ်း။

"ဟိုလေ... မို...မိုပျင်းတာနဲ့ ရုံးမသွားတာ၊ ရတယ်မဟုတ်လားဦး"

"ဘာကိုလဲ မြမိုမို"

""မို ရုံးမတက်တာလေ

"သိပ်ရတာ ပေါ့ ၊ ဆန္ဒရှိရင်သောကြာနေ့အထိ မြမိုမိုရုံးမတက်ဘဲနေနိုင်တယ်၊ ဒါနဲ့ကိုယ်ပေး လိုက်တဲ့အခွေတွေကြည့်ဖြစ်သေးလား

မြမိုမို”

သေတော့မှာပဲ။

မိုရုံးမတက်တာ အဲသည်ကိစ္စပေါ့ ဦးနေသူရိန်ရဲ့။

သူမ အတန်ကြာနှုတ်ဆိတ်နေပြီးမှ စိတ်တင်းကာ အဖြေပေးလိုက်သည်။

“ဟုတ်ကဲ့… ကြည့်ဖြစ်ပါတယ်”

“ဘယ်လိုသဘောရသလဲ မြမိုမို”

သူမ သူ့မေးခွန်းကို ရှောင်လွှဲရမလား၊ ရဲဝံ့ ရင်ဆိုင်ရမလား မပြတ်မသားဖြစ်နေမိသည်။ နောက်ဆုံးတော့ အားတင်းကာ ဆုံးဖြတ်ချက်ချလိုက်သည်။ ကဲ… သည်အကြောင်းအရာကို သိပ် ပြောစေချင်နေမှတော့ ပြောရမှာပေါ့။

“မိုမို ပုံတွေကို ဘာဖြစ်လို့ရိုက်တာလဲဦး”

သူမအရဲစွန့်ကာမေးလိုက်ရခြင်းဖြစ်သော်လည်းသူကတော့ချက်ချင်းမပြေ အောင် ရယ်မောနေသေး သည်။ ပြီးမှ…..

“ကိုယ်မရိုက်ပါဘူး မြမိုမို”

“ဟုတ်ကဲ့၊ ဦးကိုယ်တိုင်မရိုက်ဘူးဆိုတာ သိပါတယ်။ဒါပေမယ့် ဦးရိုက်တာမဟုတ်တာ၊ ဘာဖြစ်လို့ အဲလိုရိုက်တာလဲဦး”

“မြမိုမို ဘယ်လိုထင်သလဲ”

သူမကိုပင် ပြန်မေးနေပါသေးသည်။ သူမ အထင်တတ်ပါ။ ထင်တတ်လျှင်လည်း မထင်ရဲ့ပါ။

“မိုမို မထင်တတ်ဘူဦး”

“ထင်ကြည့်ပါလား မြမိုမို၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုပေါ့”

“ဟင့်အင်း”

သူမ ကတုန်ကယင်ဖြစ်လာသဖြင့် ဘေးနားမှခုံမှာ ဝင်ထိုင်လိုက်ရသည်။

“အဲဒါကြောင့် မြမိုမိုရဲ့လှုပ်ရှားမှုတွေကို ကိုယ်ရိုက်ခိုင်းထားတာ”

“ဦး… ဦး…. မို့ကို….”

“ရည်းစားစကားပြောနေတာပါ”

“ရှင်”

သူမအထိတ်တလန့် ရေရွတ်လိုက်မိသလို လက်ထဲမှဖုန်းကိုလည်း ယောင်ယမ်းကာ လွှတ် လိုက်မိသည်။

နောက်ဆုံးတော့ သူမမျှော်လင့်ထားသောရှုံးနိမ့်မှုသည် သူမထံသို့ ဆိုးရွားလျင်မြန်စွာ ရောက်ရှိလာလေတော့သည်။

**နောက်ကြောင်း (၂)**
**"သူရ"**
**၁၉၇၂၊ ဇန်နဝါရီ**
**ကာမိုင်း။**

ပတ်ဝန်းကျင်တစ်ခုလုံး အေစက်မှိုင်းညို့မှုတို့နှင့်အတူ ဆေးသားပြယ်စပြုနေသည့် ဓာတ်ပုံ ဟောင်းတစ်ခုပမာ မှုန်ဝါးဝါးဖြစ်၍ နေလေသည်။

ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ်

ဤဒေသသို့ ရောက်ရှိလာခြင်းအတွက် သူရ၌ ခိုင်လုံသောအကြောင်းပြချက် တစ်စုံတစ်ရာ ရှိရမည်ဆိုပါက ထိုအကြောင်းပြချက်မှာ သူ့ရင်ထဲမှအိမ်မက်အား ပုံဖော်ခြယ်ရန်သာ ဖြစ်ရပ့ါလိမ့် မည်။

သံတိုင်တစ်ချက်နှင့် လူတစ်ယောက်၏ ဘဝအား ပြောင်းလဲသွားစေနိုင်သည်ဆိုသော ...

ပုံပြင် ဒဏ္ဍာရီဆန်ဆန် အဖြစ်အပျက်များစွာကို မွေးဖွားပေးခဲ့သော ...

ဤအရပ်ဒေသသို့ ကြားဖူးနားဝတစ်ခုတည်းကို အားပြုလျက် သူရောက်ရှိလာခဲ့ခြင်းဖြစ် သည်။

စတင်ရောက်စနေ့မှာပင် ရာသီဥတုမှအစ ငွေကြေးသုံးစွဲမှုအဆုံး အားလုံးနှင့် လိုက်လျော ညီထွေဖြစ်ရန် သူ အပြင်းအထန်ကြိုးစားခဲ့ရသည်။

သို့သော် ထိုကိစ္စမှာ သိပ်တော့မလွယ်ကူလှပါ။

သူ့၌ ပါလာသည့် (အတော်ကြာကြာသုံးစွဲရလိမ့်မည်ဟု သူမျှော်လင့်ထားသော) သုံးထောင် နီးပါး ငွေကြေးပမာဏမှာ ရက်အနည်းငယ်အတွင်းမှာပင် ကြောက်ခမန်းလိလိ ပွန်းပဲ့သွားသောအခါ ၌ ဤဒေသအား သူ စိတ်ပျက်စပြုလာလေသည်။ သူ့အတွက် ပို၍ စတ်ပျက်ဖွယ်ကောင်းတာက အသိအကျွမ်းနှင့် အဆက်အသွယ်မရှိခြင်းဖြစ်သည်။

နီးစပ်ရာလူများနှင့် တိုးတိတ်စွာလုပ်ကိုင်နေသော ဤလုပ်ငန်း၌ ကျင်းသားအလိုရှိသည်ဟူ သော ဆိုင်းဘုတ်မျိုးထောင်မထားသလို သူကိုယ်တိုင်ကလည်း အလုပ်သမားမလိုဘူးလားဟု လိုက်လံမေးစမ်းရန် ဝန်လေးနေမိသည်။

သို့သော် ကာမိုင်းဒေသ၏ လေးရက်မြောက်ည၌ သူ့အတွက် ကံကောင်းထောက်မမှု တစ်ခု နှင့် ကြုံကြိုက်ခဲ့ရသည်။ ထိုကံကောင်းမှုမှာ အံစာဝိုင်းတစ်ခုမှ အစပြုခဲ့ခြင်း ဖြစ်သည်။

ငွေမရှားသောအရပ်၌ ငွေကိုရင်းနှီး၍ ကံစမ်းရသည့်ကစားဝိုင်းများ ပေါများနေခြင်းမှာ အံ့ဩစရာမဟုတ်သလို ပျင်းရိနေသော သူ့အတွက်

ထိုစကားဝိုင်းများ၌ ရပ်တန့်အပျင်းပြေခြင်းမှာ လည်း အံ့သြစရာ မဟုတ်ပါ။

ညစာအဖြစ် ခပ်စုတ်စုတ် ခေါက်ဆွဲဆိုင်လေးတစ်ဆိုင်၌ ခေါက်ဆွဲဝင်စားရင်း ထိုဆိုင် အတွင်းဘက် စားပွဲတစ်လုံး၌ တိုးတိုးတိတ်တိတ်ကျင်းပနေသော ကျိတ်ဝိုင်းလေးတစ်ခုကို သူ သတိပြုလိုက်မိသည်။ ခေါက်ဆွဲစားပြီးသည်နှင့် ထိုဝိုင်းနားသို့ သူ ရောက်ရှိသွားခဲ့သည်။

"ကဲ ... ကဲ ထိုးကြ"

ဒိုင်က အံစာကိုင်ရင်း ဆော်သြလိုက်တော့ သနားဖွယ် ထိုလူရွယ်က အိတ်ကပ်ထဲမှ ငွေ တစ်ဆယ်ကို ဆတ်ခနဲ ထုတ်လိုက်သည်။

သူ မနေနိုင်တော့ဘဲ ...

ထိုလူရွယ်နား ကပ်သွားပြီး ပခုံးကို တို့ကာ မေးလိုက်သည်။

"မင်း အစားခံရတာ ဘယ်နှစ်လှည့်ရှိပြီလဲ"

"ငါးလှည့်"

ရှုံးနိမ့် အားငယ်နေသော မျက်နှာနှင့်သူ့အား မော့ကြည့်ရင်း ပြန်အဖြေပေးသည်။

"မင်း စုစုပေါင်း ရှုံးတာ တစ်ရာ့ငါးဆယ်ရှိပြီ မဟုတ်လား"

"အင်း နည်းနည်းကျော်မလားမသိဘူး"

"ကောင်းပြီ ၊ အဲဒီ ပိုက်ဆံပြန်ရချင်ရင် ခုအလှည့် တစ်ရာ့ငါးဆယ် ချထိုးလိုက်"

မနေနိုင် မထိုင်နိုင် ဝင်အကြံပေးလိုက်မိသော သူ့အားလူရွယ်အား မယုံသင်္ကာဟန်ဖြင့် ကြည့်၏ ။

"ရှုံးသွားရင် ဘယ်လိုလုပ်မလဲ"

ဒါကတော့ မေးသင့်တဲ့ မေးခွန်းပဲ။

သူ ရင်းနှီးဖော်ရွေစွာ ပြုံးပြလိုက်ပြီး ခပ်အေးအေး ပြန်ပြောလိုက်သည်။

"ငါ ပြန်လျော်မယ်"

"မင်းစကားကို ဘယ်လိုယုံရမလဲ"

"ဒီလိုယုံပေါ့"

သူ့အိတ်ထဲမှ ငွေတစ်ရာ့ငါးဆယ်ထုတ်ကာ ၎င်း၏ လက်ထဲထည့်ပေးလိုက်သည်။

"မင်းရှုံးသွားရင် အဲဒီ ပိုက်ဆံကို မင်းအိတ်ထဲထည့်လိုက်၊ တကယ်လို့ ငါပြောတဲ့အတိုင်း နိုင်ရင် ငါ့အိတ်ထဲ ပြန်ထည့်ပေး၊ ဘယ့်နှယ်လဲ"

ဒိုင်လုပ်သူက အံစာကို တဂျောက်ဂျောက်လုပ်ရင်း ထိုးသားတွေကို သွေးဆောင်နေပြီ။ လူရွယ်ကတော့ ယခုတိုင် ချီတုံချတုံ ဖြစ်နေဆဲ။

အတန်ကြာမှ ခေါင်းတစ်ချက်ညိတ်ကာ ကောင်းပြီဟု ရေရွတ်ရင်း ၎င်း၏ အိတ်ထဲမှ သီးခြား ငွေတစ်ရာ့ငါးဆယ်ထုတ်ကာ ချထိုးလိုက်သည်။ ၎င်းလှည့်ရမည့်အလှည့်ရောက်တော့ သူ့ဘက်သို့ တစ်ချက်လှည့်ကြည့်ရင်း ဝင်လှည့်မလားဟူသောသဘောဖြင့် မေးဆတ်ပြသည်။

သူ အေးဆေးစွာ ခေါင်းယမ်းပြလိုက်သည်။

လှည့်စမ်းပါ။ ကစားဝိုင်းဆိုတာ အနိုင်မဟုတ်ရင် အရှုံးပေါ့၊ အဲ့ဒီနှစ်ခုထဲက တစ်ခုခု ကျမယ့် ကိစ္စကို ဘာများ ဒွိဟဖြစ်နေစရာလိုပါသလဲ။

တဂျောက်ဂျောက်မြည်လျက် အံစာတုံးများ ငြိမ်သက်သွားတော့ ၎င်း၏ ရမှတ်က ခုနှစ်ဖြစ် သည်။ ဒါဟာ အများကြီး အခြေအနေကောင်းတဲ့ သဘောပေါ့။

သို့သော် ဒိုင်က ၎င်းအပါအဝင် ထိုးသားအားလုံးထက် ပို၍ အခြေအနေကောင်းပါသည်... ကိုးတဲ့။

ဒိုင်ကဲ့သို့ ကိုးကျသူတစ်ယောက်မှအပ ကျန်လူအားလုံးအစားခံလိုက်ရတော့ လူရွယ်က ရှုံးမဲ့မဲ့မျက်နှာနှင့် သူ့ကို လှည့်ကြည့်ရင်း မေးသည်။

“ဘယ်လိုလုပ်မလဲ”

“ပထမ ရှုံးထားတဲ့ တစ်ရာ့ငါးဆယ်ကို ဆုံးခံနိုင်ရင် ရပ်လိုက်တော့ပေါ့”

“ပြန်ရချင်ရင်ကော”

“ဆက်ထိုး”

၎င်း၏ ညိုညက်ညက်မျက်နှာက သူ့စကားအဆုံး ပို၍ ညိုသွားလေသည်။ ယခုတိုင် လက်ထဲ ၌ ကိုင်ထားဆဲဖြစ်သော သူပေးထားသည့် ငွေတစ်ရာ့ငါးဆယ်ကို ထောင်ပြရင်း ...

“ဒါပဲ ကျန်တော့တယ်”

အခြေအနေက သူရော ထိုလူရွယ်ပါ တစ်ယောက်ကိုတစ်ရာ့ငါးဆယ်စီ ရှုံးနေပြီဖြစ်သည်။

သူ အိတ်ကပ်ထဲမှ ငွေတို့ကို ထုတ်ယူရေတွက်လိုက်တော့ သုခရိပ်မြို့မှ ထွက်လာစဉ် သူ့၌ ပါလာသည့် သုံးထောင်နီးပါးငွေကြေး၏ နောက်ဆုံးလက်ကျန်က နှစ်ထောင်ပင်မပြည့်တော့ပါ။ လူရွယ်ကို ပေးလိုက်ရသည့် တစ်ရာ့ငါးဆယ် နုတ်လိုက်ပါက ထောင့်ခုနှစ်ရာလောက်သာ ရှိတော့ သည်။

ထိုထဲမှ ငွေခြောက်ရာကို ထုတ်ယူကာ ကျန်ငွေကို ပြန်သိမ်းလိုက်တော့ လူရွယ်က နားမ လည်သလို စိုက်ကြည့်ရင်းမေးသည်။

“ထိုးမလို့လား”

“ဒါပေါ့”

“ခြောက်ရာစလုံးလား”

“ခြောက်ရာစလုံးပေါ့”

ငွေခြောက်ရာကို ပစ်ချလိုက်တော့ ဝိုင်းထဲရှိ မျက်လုံးများစွာကို သူ့ထံသို့ ရွေ့လျားကျ ရောက်လာကြသည်။ ယခုအချိန်၌ လောင်းကြေးအများဆုံး ချထိုးသူမှာ သူဖြစ်နေသည်မဟုတ်ပါ လား။

မထိုးလို့လည်း မဖြစ်ပါ။ နှစ်ယောက်ပေါင်း သုံးရာတောင် ရှုံးထားရတာဆိုတော့ နိုင်လျှင် လည်း သုံးရာလောက်တော့ ပြန်နိုင်သင့်သည်။

“မင်း ဝင်လှည့်၊ ငါဖယ်ပေးမယ်”

လူရွှယ်က ပြောပြောဆိုဆို ထိုင်ရာမှ ထရန်ပြင်တော့ သူခေါင်းယမ်းကာ တားဆီးလိုက် သည်။

“မင်းပဲ လှည့်ပါ”

“ငါက ကံမကောင်းဘူး”

“ခုနှစ်ခါလောက်တော့ ဆက်တိုက်ကံမကောင်းဘဲ မနေပါဘူး”

လူရွှယ်ဆက်တိုက်ရှုံးခဲ့သည်မှာ ခြောက်ကြိမ်ရှိပြီ။ ယခုတစ်ကြိမ်သာ ဆက်ရှုံးပါက နောက် တစ်လှည့်လောင်းကြေးသည် တစ်ထောင့်နှစ်ရာဖြစ်သွားပါလိမ့်မည်။ ဘုရားသိကြားမလို့ ထိုမျှအထိ တော့ မဖြစ်ပါစေနှင့်။

သို့သော် ကံကောင်းထောက်မစွာပင် ထိုအလှည့်၌ ဒိုင်အား တစ်ပွင့်အသာနှင့် သူတို့ နှစ်ယောက် အနိုင်ရခဲ့သည်။ ငွေရင်းခြောက်ရာကို အိတ်ထဲပြန်ထည့်ပြီး အနိုင်ရငွေထဲမှ သုံးရာကို လူရွှယ်ထံသို့ သူကမ်းပေးလိုက်သည်။

“တစ်ရာ့ငါးဆယ်က မင်းရှုံးထားတဲ့ အရင်း၊ ကျန်တဲ့၊ တစ်ရာ့ငါးဆယ်က အနိုင်၊ ရော့ ... မင်းယူလိုက်တော့”

လူရွယ်က သူ့အား အတန်ကြာငေးကြောင်ကြည့်နေပြီးမှ တံတွေးတစ်ချက်မျိုးချကာ လှမ်း ယူသည်။

“ကျေးဇူးပဲ”

သူလှည့်ထွက်လာချိန်အထိ လူရွယ်က ငွေသုံးရာကိုကိုင်ကာ အံ့သြကြောင်နေဆဲဖြစ်သည်။

ခေါက်ဆွဲဆိုင်လေးထဲမှ ထွက်လာ၍ ခြေလှမ်းနှစ်ဆယ်လောက် မပြည့်ခင်မှာပင် သူ့အား လှမ်းခေါ်သံနှင့်နောက်မှ အပြေးလိုက်လာသံတို့ကို ကြားရသည်။ သူလှည့်ကြည့်စရာမလိုပါ။ သည်လောက် အလောတကြီးဖြစ်နေပုံအရ ထိုလူမှာ စောစောကလူရွယ်မှလွဲ၍ တခြားလူ မဖြစ်နိုင်။

“မင်း ဘယ်ပြန်မှာလဲ”

အမောတကောမေးခွန်းနှင့်အတူ သူ့နားရောက်လာသည်က သူမျှော်လင့်ထားသည့်အတိုင်း စောစောက လူရွယ်ပင်ဖြစ်လေသည်။

ဘောလုံးသမားတစ်ယောက်လို ညိုညက်တုတ်ခိုင်သောလူရွယ်ဘက်သို့ လှည့်ကြည့်ရင်း သူပြန်မေးလိုက်သည်။

“မင်း ဆက်မကစားတော့ဘူးလား”

“အမှန်အတိုင်း ပြောရရင်တော့ ဆက်ကစားချင်သား၊ ဒါပေမယ့် ရှုံးမှာကြောက်လို့”

“မင်းအဖော်ကော”

“ကိုဒိန်လား၊ သူကျန်ခဲ့တယ်၊ ပြီးမှ သူ့ပြန်ခေါ်ရမှာ၊ ဒါနဲ့ မင်း ဘယ်မှာနေတာလဲ”

"ကြုံရာပဲ"

သူ့စကားကြောင့် လူရွယ်က သူ့ကို တအံ့တဩငေးကြည့်သည်။ နောက်မှ သတိတရနှင့် သူ့ကိုယ်သူ ကမန်းကတန်းမိတ်ဆက်သည်။

"ငါ့နာမည် ငွေစိုးလှိုင်၊ အလုပ်အကိုင်က ကျောင်းသား၊ လုံးခင်းကို ရိက္ခာတက်ဝယ်ရင်း ကိုဒိန် နဲ့ ဒီဘက်ရောက်လာတာ၊ မင်းကော ဘာလုပ်သလဲ"

"လောလောဆယ်တော့ အလုပ်ရှာတဲ့ အလုပ်ပေါ့"

"နာမည် ဘယ်လိုခေါ်သလဲ"

သူ ခေတ္တငြိမ်သက်သွားပြီးမှ တစ်လုံးချင်း အဖြေပေးလိုက်သည်။

"နေသူရိန်"

"အားပါး ... အပုံစားပါလား"

"ဟုတ်တယ်၊ အဓိပ္ပာယ်ကလဲ ပုံတယ်၊ နေမင်းလိုပူမယ်၊ လူတွေရဲ့ ခေါင်းပေါ်မှာနေမယ်။ အဲဒါ ငါ့နာမည်ရဲ့ အဓိပ္ပာယ်ပဲ"

"ကြိုက်သွားပြီ၊ ဒါပေမယ့် ငါကတော့ မင်းကို ခပ်လွယ်လွယ် သူရိန်လို့ပဲခေါ်မယ်"

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် မိတ်ဆက်ပြီး ငွေစိုးလှိုင်က သူ့ကိုရုတ်တရက် ပြောသည်။

"မင်း ကျောင်းသားလုပ်နိုင်မလား သူရိန်၊ ငါတို့ ကျောင်းမှာလုပ်ချင်ရင်တော့ ငါပြောပေးလို့ရ တယ်"

ဒါကတော့ တကယ့်ကို ကြုံကြိုက်မှုပါပဲ၊ ရေငတ်တုန်း ရေတွင်းထဲ ပြုတ်ကျသလို အခြေ အနေမျိုးကို သူ မငြင်းဆန်နိုင်ပါ။

"ငါရှာနေတာ အဲဒီ အလုပ်ပဲ ငွေစိုးလှိုင်"

“ဟာ … ဒါဆို အဆင်ပြေတာပေါ့၊ ဒါဖြင့် ဒီလိုလုပ် မင်းပစ္စည်းတွေ အဝတ်အစားတွေ ပြန်ယူ၊ ပြီးရင် ကိုဒိန့်ဆီကို ပြန်သွားကြမယ်”

သူ ခေါင်းယမ်းကာ ကျောပိုးအိတ်ကို ပုတ်ပြလိုက်သည်။

“မလိုဘူး ငွေစိုးလှိုင်၊ ငါပိုင်သမျှ ဒီအိတ်ထဲမှာ အားလုံးပါတယ်၊ ခုပုံစံအတိုင်း လိုက်ခဲ့လို့ ရတယ်”

“ဒါဖြင့် လာ”

သူတို့နှစ်ယောက် ခေါက်ဆွဲဆိုင်လေးဘက်သို့ ခြေဦးပြန်လှည့်လိုက်ကြသည်။

ကာမိုင်း၌ ကျောက်စိမ်းထွက်ရာ မှော်ပေါင်းများစွာရှိပြီး တူးဖော်ပုံအရ ရေကျင်း၊ မှောကျင်း၊ ကုန်းကျင်းဟူ၍ အမျိုးမျိုးကွဲပြားသည်။

ငွေစိုးလှိုင် ကိုဒိန်တို့၏ ဦးဆောင်မှုဖြင့် သူရောက်ရှိသွားသောကျင်းမှာ ကုန်းကျင်းဖြစ်ကာ လုံးခင်းမြို့၏ အနောက်မြောက် ငါးမိုင်ခန့်အကွာ၌ တည်ရှိသည်။

ရှမ်းတရုတ် လူမျိုး လောပန်းထောင်ထားသည့် ကျင်းဖြစ်ပြီး သူအပါအဝင် ကျင်းသား ခြောက်ယောက်ရှိသည်။

လောပန်းမှာ ငွေထုတ်သူသက်သက်ဖြစ်၍ ကျင်းသားများအား အဓိက အုပ်ချုပ်သူမှာ လောပန်း၏ လူယုံ လဖိုင်ခေါင် ဆိုသူဖြစ်သည်။

♥ ♥ ♥

(၃)

ကာမိုင်း၌ ကျောက်စိမ်းထွက်ရာ မော်ပေါင်းများစွာ ရှိပြီး တူးဖော်ပုံအရ ရေကျင်း၊ မျောကျင်း၊ ကုန်းကျင်းဟူ၍ အမျိုးမျိုး ကွဲပြားသည်။

ငွေလှိုင်စိုး ကိုဒိန်တို့၏ ဦးဆောင်မှုဖြင့် သူရောက်ရှိသွားသော ကျင်းမှာ ကုန်းကျင်းဖြစ်ကာ လုံခင်းမြို့၏ အနောက်မြောက် ငါးမိုင်ခန့်အကွာတွင် တည်ရှိသည်။

ရှမ်းတရုတ်လူမျိုး လောပန်းထောင်ထားသည့် ကျင်းဖြစ်ပြီး သူအပါအဝင် ကျင်းသားခြောက်ယောက်ရှိသည်။

လောပန်းမှာ ငွေထုတ်သူ သက်သက်ဖြစ်၍ ကျင်းသားများအား အဓိက အုပ်ချုပ်သူမှာ လောပန်း၏ လူယုံ လဖိုင်ခေါင်ဆိုသူ ဖြစ်သည်။

နှုတ်ခမ်းမွေးကုပ်ကုပ်နှင့် ရုပ်ရှင်ထဲမှ လူကြမ်းမင်းသား ရုပ်မျိုးပေါက်နေသော ထိုသူမှာ ဆေးပြင်းလိပ်ကို အလွန်ကြိုက်သလို ကျင်းသားများအား မညှာမတာနှင့် ရက်ရက်စက်စက် ခိုင်းခြင်း ကိုလည်း အလွန်နှစ်ခြိုက်သူဖြစ်သည်။

မှောင်ထဲသို့ သူတို့ ရောက်ရှိသွားတော့ သူ့ရှေ့မှာပင် ငွေစိုးလှိုင်နှင့် ကိုဒိန်အား ရိက္ခာဝယ် ထွက်တာ ကြာရမလားဟု ဆူပူကြိမ်းမောင်းလေသည်။

ထိုနှစ်ယောက်အား အားရရအောင်ဆဲပြီးမှ သူ့ဘက်သို့လှည့်ကာ မေးသည်။

“မင်းနာမည် ဘယ်သူလဲ”

“နေသူရိန်”

သူဖြေလိုက်တော့ လဖိုင်ခေါင်က နှုတ်ခမ်းမဲ့ကာ ပြဇာတ်မင်းသား နာမည်မျိုးပါလားဟု ရေရွတ်သည်။

“မင်းက ကျောင်းသားလုပ်မှာလား”

“ဟုတ်ကဲ့”

“မင်း သံတိုင်ကိုင်တတ်သလား”

သူ ခေါင်းယမ်းပြလိုက်သည်။

“ဟင့်အင်း”

“ဘာကွ မကိုင်တတ်ဘူး”

“ကျွန်တော် တစ်ခါမှ မကိုင်ခဲ့ဖူးဘူး၊ ဒါပေမယ့် ကျွန်တော် ကြိုးစားပြီး လုပ်ပါ့မယ်”

“ကောင်းပြီ၊ အကျီချွတ်လိုက်လေ”

“ခင်ဗျာ”

သူ နားမလည်စွာ ရေရွတ်လိုက်တော့ လဖိုင်ခေါင် ဆေးပြင်းလိပ်ကိုချွတ်ကာ တက်တစ် ချက်ခေါက်သည်။

“မင်း ကျောင်းသားလုပ်မယ်မဟုတ်လား၊ သွား ... အထုတ်ထားပြီး အဝတ်အစားလဲ၊ ပြီးရင် သံတိုင်ကိုင်ပြီး ကျောင်းထဲဆင်း၊ ဒီမှာ ဇာတ်မင်းသားအိုက်တင်နှင့် ရပ်နေဖို့ အချိန်မပေးနိုင်ဘူးကြား လား”

သူ ကြုံတွေ့ရသော တွင်းသားဘဝ၏ ပထမဆုံးအတွေ့အကြုံမှာ ထိုသို့ပင် ချောမွေ့မှုမရှိ စွာ ကသုတ်ကရက် စတင်ခဲ့ရခြင်းဖြစ်သည်။

တခြားနေရာနှင့်အခြားအချိန်၌ ဆိုပါက ထိုကဲ့သို့လေသံမျိုးနှင့် ရင့်သီးလာမှုအား သူခွန်းတုံ့ ပြန်မိမည် ဖြစ်သော်လည်း ဤနေရာမှာတော့ သူ ဘာမှပြန်မပြောဖြစ်ပါ။

ကျောင်းသားဝါရင့်နေသော ကိုဒိန်က လမ်းတစ်လျှောက်လုံး

လဖိုင်ခေါင်အား ကလန်ကဆန် မလုပ်ရန် သွန်သင်ဆုံးမခဲ့သည်ကို
ပြန်လည်သတိရလိုက်မိသလို နန်းနွယ်နီ၏ မျက်နှာကိုလည်း
မြင်ယောင်လိုက်မိသည်။

သူမ၏ စော်ကားမှုအား တုံ့ပြန်နိုင်ဖို့ တခြားလူများ၏ အသေးအဖွဲ့
ရိုင်းပြမှုလောက်ကို သူ ဥပေက္ခာပြုနိုင်ရပါလိမ့်မည်။

ဆေးပြင်းလိပ်ခဲလျက် ခါးထောက်ရပ်နေသော လဖိုင်ခေါင်၏ ရှေ့မှ
ခေါင်းငုံ့ထွက်ခွာကာ၊ ငွေစိုးလှိုင်တို့နှင့်အတူ စခန်းချရာ တဲလေးဆီသို့ သူ
ဦးတည်လိုက်သည်။

"အဝတ်အစားလဲတာအတွက် အချိန်သိပ်မပေးနိုင်ဘူး ဟေ့၊
မြန်မြန်လဲပြီး ကျင်းထဲ မြန်မြန် ဆင်း၊ ဒီကျင်းဖြစ်ဖို့ ငွေဘယ်လောက် ကုန်ရသလဲ၊
မင်းတို့ နားလည်တယ်မဟုတ်လား"

အေးစက်မာကျောသော မိုးကြိုးသံက သူတို့သုံးယောက်နောက်သို့
ပြေးလွှားလိုက်ပါလာ သေးသည်။

သူတို့ တူးဖော်ရသော ကျင်းမှာ ကျင်းဟု ဆိုသော်လည်း
သိပ်အနက်ကြီးမဟုတ်ပါ။

ငွေစိုးလှိုင်၏ ရှင်းပြမှုအရ ထိုကျင်းမှာ ခေါင်းပေါင်းကျင်းပြီးခါစ
ဖြစ်သည်ဟု သိရသည်။

ခေါင်းပေါင်းကျင်းသည်ဆိုသည်မှာ မြေမှန်ပေါ်သည်အထိ မြေသားအား
တူးဖော်ဖယ်ရှား ခြင်းဖြစ်သည်။

ထိုမြေမှန်မှတဆင့် ဆက်လက်တူးပါကမြေဝါကြောကိုတွေ့ရပြီး
ထိုမြေဝါကြော၌ ကံကောင်း ပါက ကျောက်စိမ်းကို တွေ့ရတတ်သော်လည်း
များသောအားဖြင့် အခွံထူကာ အောက်ပိုင်း ကျောက်လောက်မကောင်းဟု သိရသည်။

မြေဝါကြော ကုန်လည်အထိ ဆက်တူးပါက သဲပြာကြောကိုတွေ့ရပြီး ၎င်း၏ အောက်၌ ကြက်သွေး ကြောတည်ရှိသည်။

ထိုသို့ ကျောက်ကြောရောက်သည့်တိုင်အောင် ရင်တဖိုဖိုနှင့် တစ်ဆင့်ပြီးတစ်ဆင့် တပင် တပန်း တူးကြရသည်။

ကျောက်တူးခြင်းလုပ်ငန်းသည် ငွေကြေးနှင့်လူအင်အားကို များစွာအသုံးပြုရသလို ကုသိုလ် ကံ ဖေးမမှုကိုလည်း အမှီပြုရသည့် လုပ်ငန်းဖြစ်သည်။

ကံမကောင်းပါက ကျောကြောမရောက်ခင် ဖာခေါ်ကျောက်ဖျာနှင့် ရင်ဆိုင်ထိုးကာ ခဲလေ သမျှသဲရေကျရသည်။

ကိုဒိန်၏ ပြောပြမှုအရ သူတို့၏ ကျင်းပိုင် လောပန်းသည် ယခုကျင်းမတိုင်မီ တောင်ပေါ်၌ တူးရသည့် ကုဋေကျင်းတစ်ကျင်း၌ အရှုံးပေါ်ခဲ့ဖူးသည်ဟု သိရသည်။

“ကျင်းတစ်ကျင်းရှုံးပြီဆိုရင် လောပန်းက ငွေရှုံးပြီးကျင်းသားက လုပ်အားနဲ့မျှော်လင့်ချက်ရှုံး တယ်၊ မျှော်လင့်ချက်ရှုံးတာက ငွေရှုံးတာထက်ပိုပြီး အခံရခက်တယ်”

မှန်ပါသည်။

လောပန်းရောကျင်းသားပါ ကျောက်ရနိုးဟူသော မျှော်လင့်ချက်နှင့် တူးကြတာချင်း အတူ ဟု လောပန်းကတွင်းနှုတ်ခမ်း၌ ထိုင်ကြည့်ရုံသာ ကြည့်ရခြင်းဖြစ်ပြီး ကျင်းသားက တပင်တပန်း ခွန်အားစိုက်ထုတ်ကာ တူးရခြင်းဖြစ်သည်။

ကျောက်မရနိုင်တော့ဟု သေချာသွားသောအခါ၌ ကျင်းသား၏ စိတ်ပျက်မှုမှာ လောပန်း၏ စိတ်ပျက်မှုထက် ပိုသလို၊ ပင်ပန်းမှုချင်းကလည်း

အဆပေါင်းများစွာ ကွာခြားပါသည်။

အကယ်၍ ကျင်းအောင်လျှင်တော့ ကျောက်ဖိုးတစ်ဝက်ကိုလောပန်းက ယူပြီးတစ်ဝက်ကို ကျင်းသားများက အချိုးကျခွဲယူရသည်။

“ဒါဖြင့် ကျောက်ထွက်များလေ၊ အချိုးကျတဲ့ငွေများလေပေ့ါ”

“ဒါပေ့ါ၊ ကံကောင်းရင် ကောင်းသလို ကျင်းသားကနေ နေ့ချင်းညချင်း လောပန်းဖြစ်သွား နိုင်တယ်၊ သံတိုင်တစ်ချက်နဲ့ ဘဝပြောင်းသွားနိုင်တယ်”

ဘယ်လောက်များ စိတ်ကူးယဉ်ဖွယ်ကောင်းတဲ့ အိပ်မက်ပါလဲ။

သို့သော်ထိုအိပ်မက်နားသို့ ချဉ်းကပ်နိုင်ရန်တော့ အဆင့်ပေါင်းများစွာ ကျန်ရှိနေပါသေး သည်။

မြေဝါကြောအား သူတို့ကျင်းသားများ တပင်တပန်းတူးဆွကြရသည်။

သူကနောက်မှအစုစပ်ဝင်ရောက်လာသည့် ကျင်းသားဖြစ်သဖြင့် ပိုပင်ပန်းလေသည်။

အလျားငါးပေနီးပါးရှည်၍ တစ်ဖက်ချွန်တစ်ဖက်ပြား ပြုလုပ်ထားသည့် သံတိုင်ဖြင့် လက် ဖဝါးများ ပေါက်ပြဲသည်အထိ တူးဆွရသလို ပြောစာပုံတော့လည်း သူပင်ပြေးပုံရသည်။

မြေစာပုံခြင်းမှာ ကျင်းတူးရာမှ ထွက်လာသော မြေကြီးများကို ဝါးဖြင့်ပြုလုပ်ထားသည့် ဂေါ်တောင်းတွင်းသို့ထည့်ကာ ကျင်းပေါ်လွတ်ရာသို့သွားပုံရခြင်းဖြစ်သည်။

ထိုမျှအထိ အပင်ပန်းခံကာ သူကြိုးစားသော်လည်း သူကြိုးစားမှုတို့က လေဖိုင်ခေါင်၏ မျက်လုံးထဲ၌ အရာထင်ဟန်မတူပါ။

ကျင်းနှုတ်ခမ်းပေါ်၌ ခါးထောက်ကာ ကျင်းသားများ၏ လှုပ်ရှားမှုကို အဆက်မပြတ်စောင့် ကြည့်နေတတ်သော လပိုင်ခေါင်သည် သူ့ထံမှ

အပြစ်တစ်စုံတစ်ရာကို အမြဲတမ်း ရှာဖွေနေတတ်ပြီး အမှားအယွင်း တစ်ခုခု လုပ်မိသည်နှင့်မိုးခြိမ်းသည့်ပမာ အော်ဟစ်ကြိမ်းမောင်းတတ်သည်။

ယုတ်ဆွအဆုံး သူပုဆိုးပြင်ဝတ်လျှင်ပင် ....

“ဟိုကောင် ပုဆိုးဝတ်တာ ကြာလှချည်လား” ဟု အပြစ်တင်တတ်လေသည်။

လဖိုင်ခေါင်၏ အပြစ်မရှာမှုကို သူ တတ်နိုင်သမျှ သည်းခံသော်လည်း သူ့လက်ထဲမှ သံတိုင် နှင့် လဖိုင်ခေါင်၏ ဦးခေါင်းဘယ်ဟာက ပိုမာမလဲဟူသည့်အတွေးမျိုးကိုတော့ သူမတွေးဘဲမနေနိုင် ပါ။

ငွေစိုးလှိုင်ကတော့ သူ့အား လက်ကုတ်ပြီး တိုးတိတ်စွာ သတိပေးသည်။

“သည်းခံ သူရိန်၊ ဒီမှာက သူ ဘုရင်ပဲ၊ သူ့ဘာသာ ဘာပြောပြော ဂရုစိုက်မနေနဲ့၊ ဆူတာဆဲ တာ အသားပွဲ့ သွားတာမှ မဟုတ်တာ”

“ငါနားလည်တယ် ငွေစိုးလှိုင်၊ ငါလ ငါ့ရည်ရွယ်ချက်တွေ မအောင်မြင်မချင်း ပြဿနာ မတတ်ချင်ဘူး၊ တတ်နိုင်သမျှ သည်းခံမှာပါ”

သူ့အတွက် စိုးရိမ်နေသော ငွေစိုးလှိုင်ကို အေးဆေးစွာ ပြန်ပြောလိုက်သည်။

♥ ♥ ♥